လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

(၆၁)နှစ်ပြည့် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အထိမ်းအမှတ်ထုတ်ပြန်ကြေညာချက်

(၁) ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ
(၂) ဒေါ်အောင်ဆန်းစုကြည်
(၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၄) (၁၉၉၀) ပြည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်
(၅) တွေ့ဆုံဆွေးနွေးအဖြေရှာရေး

စစ်မှန်သော ဒီမိုကရေစီအရေးကို ဆောင်ရွက်လျှင် အခြေခံအားဖြင့် ဖေါ်ပြပါအချက်(၅)ချက်အပေါ် မှန်ကန်စွာ သဘောထားတတ်ရန် အရေးကြီးပါကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ (၆၀)ပြည့်မွေးနေ့တွင် ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက တင်ပြခဲ့ပါသည်။ ယခုလည်း ဖေါ်ပြပါ အချက်အလက်များကို ဆက်လက်ကိုင်စွဲဖို့လိုအပ်ပါသည်။

'ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး'သာ မရှိခဲ့လျှင် 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ (၁၉၉၀)ပြည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်၊ ဒေါ်အောင်ဆန်းစုကြည်' အစရှိသော အောင်သီးအောင်နှံများကို ရရှိပိုင်ဆိုင်နိုင်မည် မဟုတ်ပါ။ ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ (၁၉၉၀)ပြည့်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်နှင့် ဆွေးနွေးပွဲ အဆင့်တိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ရေးကို ကိုင်စွဲထားနိုင်ခြင်းမရှိလျှင် ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ပေါ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့ သည် မည်သို့မျှ ဖြစ်ပေါ်လာနိုင်လိမ့်မည် မဟုတ်ပါ။

သို့ပါ၍ အဆိုပါ အချက်များအနက် အားလုံးကိုဖြစ်စေ၊ အချို့တဝက်ကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပစ်ပယ် ချန်လှပ်ထား၍ မဖြစ်နိုင်ပါ။ (နဝတ–နအဖ)စစ်အစိုးရသည် အဆိုပါအချက်များကို အရှုံးအမြုဖျက်ဆီးရန်၊ ပိတ်ပင်တားဆီးရန်၊ ကန့်သတ်ထားရန်၊ ဖိနှိပ်ချေမှုန်းပစ်ရန် မရပ်မနားကြိုးစားခဲ့ပါသည်။ ယခုလည်း ထိုသို့ ပိတ်ပင်တားဆီး ကန့်သတ်ဖိနှိပ် ချေမှုန်း ပစ်ရန် ကြိုးစားနေဆဲဖြစ်ပါသည်။

ကျွန်တော်တို့ ပြည်တွင်းပြည်ပ အင်အားစုများသည် အဆိုပါ အချက်များအပေါ် တန်ဖိုးထား ကာကွယ်ထိန်းသိမ်းကြရန် အထူး အရေးကြီးပါသည်။ ထိုသို့မဟုတ်ပဲ အဆိုပါအချက်များအနက်မှ အချို့တဝက်ကိုဖြစ်စေ၊ တစိတ်တပိုင်းကိုဖြစ်စေ ပုံသဏ္ဌာန် တစ်မျိုးမျိုးဖြင့် ချန်လှပ်ပစ်ပယ်ထားရန် ပြောဆိုလှုပ်ရှားလာမည်ဆိုလျှင် အဆိုပါအချက် အလက်များ ရရှိပိုင်ဆိုင် ထားနိုင်ရေးအတွက် အသက်သွေးချွေးများ၊ နှစ်ရှည်ထောင်ဒဏ်များ ကျခံပေးဆပ်ရင်းနှီးခဲ့ရသော ပြည်သူများနှင့် ဒီမိုကရေစီ တိုက်ပွဲဝင် ရဲဘော်ရဲဘက်များကို စော်ကားသကဲ့သို့ ဖြစ်သွားပါလိမ့်မည်။

ယခုအခါ (နအဖ)စစ်အစိုးရသည် မည်သည့်အစိုးရ၊ မည်သည့်ခေတ်ကာလကမျှ မကြုံတွေ့၊ မရင်ဆိုင်ခဲ့ရသော ပြည်တွင်းပြည်ပ အကျပ်အတည်းများ၊ ဖိအားပေးမှုများကို တွေ့ကြုံရင်ဆိုင်နေရပါသည်။ ရှင်းလင်း၍ မဆုံးဖြစ်နေရပါသည်။ (နအဖ) စစ်အစိုးရ အနေဖြင့် ဤအတိုင်းသာ မပြောင်းမလဲ ဆက်သွားနေမည်ဆိုလျှင် ယခုကြုံတွေ့နေရသည့် အကျပ်အတည်းများ၊ ဖိအားပေးမှုများထက် ပိုမိုပြင်းထန်သည့် အကျပ်အတည်းများနှင့် ဖိအားပေးမှုများကို မုချရင်ဆိုင် ကြုံတွေ့ရပါလိမ့်မည်။ ထို့အပြင် (နအဖ)စစ်အစိုးရ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာမှာ ယခင်ကလို အရှေ့မြောက်ဒေသမှာ၊ မာနယ်ပလောမှာကဲ့သို့ ဝေးလံသည့်ဒေသများတွင် မဟုတ်ပဲ၊ ရန်ကုန်မြို့ တက္ကသိုလ် ရိပ်သာလမ်းတွင်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် လူထုထောက်ခံမှုမရှိတော့ဟု ပြောဆိုပြီး မကြာခင် ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒေါ်အောင်ဆန်းစုကြည် တို့ကို တွေ့ခွင့်ပေးရသည်။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်ပေး၍ တည်ငြိမ်မှုကို မထိခိုက်နိုင်ပါဟု ပြောပြီး မကြာခင်မှာပင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်းတစ်နှစ်ထပ်တိုးလိုက်သည်။ သို့ဖြင့် (နအဖ)စစ် အစိုးရသည် ရှေ့နောက် စကားမညီပဲ အိုးနင်း ခွက်နင်းဖြစ်နေရသည်။ ထို့ပြင် ပြည်ပမှ တိုင်းပြည်တွင်းသို့ ငြိမ်းချမ်းစွာ ပြန်လာမည့် ဆရာကြီး ဒေါက်တာဆလိုင်းထွန်းသန်းကိုပင် တိုင်းပြည်ထဲ အဝင်မခံဝံ့ပဲ ဖြစ်နေရသည်။ ဤကိစ္စရပ်များသည် (နအဖ)စစ်အစိုးရ ရှောင်လွှဲ၍ မရဘဲ ရင်ဆိုင်နေရသည့် အခက်အခဲ အကျပ်အတည်းများ ပင်ဖြစ်သည်။ ရှေ့ဆက်ပြီးလည်း ရင်ဆိုင်နေရဦးမည်ဖြစ်သည်။

ထိုအခက်အခဲများကို ကျော်လွှားလွန်မြောက်ရန် အချောမွေ့ဆုံး နည်းလမ်းမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အကြိမ်ကြိမ် အထပ်ထပ် တင်ပြထားသော တွေ့ဆုံဆွေးနွေးရေး နည်းလမ်းသာဖြစ်သည်ဟု မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ အခိုင်အမာ ယုံကြည်ကြောင်း ဒေါ်အောင်ဆန်းစုကြည် ၏ (၆၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ပြန်ကြေညာ အပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်။

ဆက်သွယ်ရန် – ဦးအောင်မိုးဇော် (ဥက္ကဋ္ဌ) ဖုန်း– ၆၆ ၅ ၀၅ ၂၂ ၃၆၂
ဦးငွေလင်း (တွဲဖက်အထွေထွေအတွင်းရေးမှူး) ဖုန်း– ၆၆ ၁ ၄၇ ၅၉ ၂၂၃